မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ခန္တီးဒေသတွင် ရှိပြီးဖြစ်သည့် မြေလွတ်၊ မြေရိုင်းများနှင့် ရေသယံဇာတများကို အကျိုးရှိရှိအသုံးချ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေနိုင်သည့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်သီးနှံများစိုက်ပျိုး

နိုင်ငံတော် ထာဝရတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr. V.S Seshadri နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ခန္တီးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူး၊ ဒေသတွင်းမှ ပြည်သူ့လွှတ်တော်/

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့အကျိုးအတွက် ဖြောင့်မတ်မှန်ကန်စွာ ဥပဒေနှင့်အညီ ညီညွတ်မျှတစွာဆုံးဖြတ်

တရားသူကြီးများ၊ တရားရုံးအဆင့်ဆင့်ဝန်ထမ်းများ အဂတိလိုက်စားမှုမဖြစ်ပေါ်ရေး ကြပ်မတ်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

ကြပ်မတ်ဆောင်ရွက်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားလာသည့် အမှုများမှာ ၃၁-၁၂-၂၀၁၁ ရက်အထိ (၅၅)မှုရှိပြီး ယင်းအမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၄ ●

14-1 (01).pmd 1 1/14/2012, 3:21 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်)

ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်

မြန်မာ့လူမှုနယ်ပယ်တွင် အပျော်ဆုံးနေ့ရက်များစွာရှိ၏။ ထိုနေ့များသည်ကား မင်္ဂလာဆောင်သည့်နေ့၊ ရှင်လူထွက်သည့်နေ့နှင့် ထောင်ကလွတ်သောနေ့ဟူ၍ ဆိုကြသည်။ ဤနေ့များတွင် အဓိကပျော်ကြသူများမှာ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေရသူများပင်ဖြစ်သည်။ ထိုသူများသည် နှစ်ကာလကြာညောင်းစွာ ဆန္ဒကိုချုပ်တည်းနေထိုင်ကြရသူများပင်ဖြစ်သည်။

အထူးသဖြင့် အကျဉ်းထောင်များအသီးသီးတို့၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေကြရသူများမှာ မိသားစုများ၊ ဆွေမျိုးများ၊ အပေါင်းအသင်းသူငယ်ချင်းများနှင့် ပြန်လည်ဆုံစည်းခွင့်ရခဲ့၍ အပျော်ဆုံးနေ့ဖြစ်ကြရသည်။ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာ၍ ကိုယ်တိုင်ပျော်ရွှင်ခဲ့ကြသလို မိသားစုအပေါင်းတို့လည်း ပျော်ရွှင်ကြရသည်။ တကယ့်ကို အပျော်ဆုံးနေ့ဟု ဆိုထိုက်ပေသည်။ အချို့မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ခဲ့ရသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးခဲ့သည်။

ထူးထူးခြားခြား ယခု ဇန်နဝါရီလအတွင်း အကျဉ်းသားများအား နှစ်ကြိမ်တိတိလွှတ်ပေးလိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သော ဇန်နဝါရီ ၃ ရက်က အကျဉ်းသား ၆၆၅၆ ဦးတို့အား လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးလိုက်သည်။ ယင်းတို့အနက် အကျဉ်းသား ၆၀၈၇ ဦးနှင့် အကျဉ်းသူ ၅၆၉ ဦး ပါဝင်ကြောင်း သိရသည်။

ယခုတစ်ဖန် ဇန်နဝါရီ ၁၃ ရက်တွင်လည်း အကျဉ်းသား အကျဉ်းသူ ၆၅၁ ဦးတို့အား ထပ်မံ၍ လွှတ်ပေးခဲ့ပြန်ပြီဖြစ်သည်။ ယခုလွှတ်ပေးသည့်အရေအတွက်သည် ယခင်လွှတ်ပေးသော အကြိမ်များထက် အရေအတွက်နည်းသော်လည်း လူသိများသောပုဂ္ဂိုလ်များပါဝင်လာသဖြင့် နိုင်ငံတော်အစိုးရနှင့် သမ္မတကြီး ဦးသိန်းစိန်အား ပြည်သူများက အထူးကျေးဇူးတင်လျက်ရှိကြသည်။ ထိုနေ့က ထောင်ဗူးဝများရှေ့ စုရုံးရောက်ရှိလာသူများက သမ္မတကြီးဦးသိန်းစိန် ကျန်းမာပါစေဟု ရင်ထဲ အသည်းထဲက လှိုက်လှဲစွာ ဆုတောင်းသံကြားရတော့ ကြားရသူများအတွက် ကြည်နူးပီတိ ဖြစ်ရသည်။ မေတ္တာစေတနာတို့၏ တုံ့ပြန်မှုပါလားဟု ခံစားမိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ယခုတစ်ကြိမ် အကျဉ်းသားများ လွှတ်ပေးမှုအပါအဝင် စုစုပေါင်း လေးကြိမ်မြောက် လွှတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယင်းကဲ့သို့ အကျဉ်းသားများအား လွှတ်ပေးခြင်းသည် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ယခုကဲ့သို့ အကျဉ်းသားများအား နိုင်ငံတော်သမ္မတကြီးက မေတ္တာ၊ စေတနာရှေ့ထား၍ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များပေးခဲ့သလို အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွတ်မြောက်လာကြသူများအနေဖြင့်လည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်နိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကွင်းဝိုင်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၆၆)

ပဒေသာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟသ်ာတမြို့၌ သရုပ်ပြလေ့ကျင့်

ဟသ်ာတ ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ပဒေသာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြသည်။ အဆိုပါလေ့ကျင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်ဝင်း၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြပြီး ဈေးအတွင်းရှိ စက်ရေတွင်းနှင့် အုတ်ရေကန်များမှ ရေများယူ၍ မီးသတ်စက်များ၏ စွမ်းရည်ကို စမ်းသပ်လေ့ကျင့်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဒေါက်တာမောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့သည် ဂျပန်နိုင်ငံ Member of the House of Representatives မှ လွှတ်တော်အမတ်များဖြစ်ကြသော Honourable Mr. Naoto Saka-guchi နှင့် Mr. Shoiche Takahashi တို့အား ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ ထပ်မံလာရောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို အကူအညီပေးရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးလျက်ရှိသည့်ကိစ္စများ၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်လိုသည့်အတွက် လာရောက်တွေ့ဆုံဆွေးနွေးကြသည့်ကိစ္စများ၊ ဂျပန်စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ကရင်အမျိုးသားနှစ်သစ်ကူးမင်္ဂလာ အခမ်းအနားကျင်းပ

ဘီးလင်း ဇန်နဝါရီ ၁၃

(၇၅)ကြိမ်မြောက် စိန်ရတုသဘင် ကရင်အမျိုးသား နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ဘီးလင်းမြို့နယ် ဂုံညင်းနွယ်ကျေးရွာအုပ်စု အလူးကြီးကျေးရွာ၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီက အဆိုပါကျေးရွာ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဦးနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယဉ်ကျေးမှု ဒုံးယိမ်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မွန်ပြည်နယ် အစိုးရဝန်ကြီးချုပ်မှ ပေးပို့သောသဝဏ်လွှာကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစံမြိုင်က ဖတ်ကြားသည်။ ဆက်လက်၍ ကရင်တိုင်းရင်းသားများ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို စကော့ကရင်ဘာသာဖြင့်လည်းကောင်း၊ ပိုးကရင်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ဖတ်ကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ဧည့်ပရိသတ်များအား ရိုးရာယဉ်ကျေးမှု ဒုံးယိမ်းအဖွဲ့များမှ ကပြဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Hein Min Co., Ltd. နှင့် Sumitomo Heavy Machinery မှ အဓိကကူညီပံ့ပိုးသော SUMITOMO GOLF CLA SSIC ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲကို မန္တလေးမြို့ ရှိ ရေတံခွန်တောင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Srixon) **(အပေါ်ပုံ)** က စုစုပေါင်း ရိုက်ချက် ၂၀၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး သိန်းဇော်မြင့် (KM Golf Centre) က စုစုပေါင်း ရိုက်ချက် ၂၁၀ ဖြင့် ဒုတိယလိုက်ကာ မင်းနိုင် (Srixon)က စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် မျိုးဝင်းအောင်က စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ နိုင်ရဲလင်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယလိုက်ကာ ရဲထက်အောင်က စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယလိုက်နေသည်။

Senior Professional Golfer ဒုတိယနေ့ပြိုင်ပွဲတွင် မြင့်ရွှေက စုစုပေါင်း ရိုက်ချက် ၁၄၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မြင့်သောင်း (PRGR) နှင့် မြင့်သိန်းတို့က စုစုပေါင်း ရိုက်ချက် ၁၄၉ ချက်စီဖြင့် ဒုတိယလိုက်နေသည်။

Senior Professional Golfer ပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဝင်းကြည် (စုစုအေးအောင်ဆေး)သည် ကစားဖော်များဖြစ်ကြသော နေဝင်းမြင့်၊ စိုင်းကျော်ထင်၊ ဦးအောင်ထွန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 No. (2) ဘောလုံးကို Srixon No. 9 သံတုတ်ဖြင့် ရိုက်လိုက်ရာ (၁၃၁)ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၃) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများပေးအပ်

မိုးမောက် ဇန်နဝါရီ ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း ယာယီပြောင်းရွှေ့သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ပစ္စည်းများကို ကချင်ပြည်နယ် ကြက်ခြေနီမှ ရေယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ မိုးမောက်မြို့နယ်တွင် ယာယီခိုလှုံရေးစခန်းများ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပေးအပ်

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ စခန်းတာဝန်ခံများနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး ဒုတိယတပ်ရင်းမှူး ဒေါ်စမ်းစမ်းအေး ဦးဆောင်သောတပ်ဖွဲ့ဝင်များလိုက်ပါ၍ ဒီဇင်ဘာ ၁၅ ရက်က ယာယီခိုလှုံရေးစခန်းများသို့ သွားရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကပစ္စည်း ထောက်ပံ့ရခြင်းအကြောင်းနှင့် ထောက်ပံ့သည့်အဖွဲ့ အစည်းအကြောင်းများ၊ ကြက်ခြေနီ ဒုတိယတပ်ရင်းမှူးက ထောက်ပံ့ပစ္စည်းတွင် ပါဝင်သည့် ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားပြီး ထောက်ပံ့ပစ္စည်းများကို မိသားစုများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများမှာ Family Kit ၂၁၉ စုံ၊ Kitchen Set ၂၁၉ စုံဖြစ်ပြီး အလားတူ ထောက်ပံ့ပေးအပ်မှုကို ဩဂုတ် ၁၅ ရက်ကလည်း အိမ်ထောင်စု ၁၇၁ စုသို့ Hygiene Kit ၁၇၁ စုံ၊ Family Kit ၁၇၁ စုံကို မိုးမောက်မြို့နယ်အတွင်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(ကြက်ခြေနီအသင်း)

ဖျာပုံစာနယ်ဇင်းလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ဖျာပုံ ဇန်နဝါရီ ၁၃

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၁ ခုနှစ်အတွက် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံး ဇော်ဂျီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်အောင်ဝင်း)က အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ဒေါ်သူဇာနွယ် (သူဇာနွယ်ဖျာပုံ)က နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက အကြံပြုထောက်ခံဆွေးနွေးကြပြီးနောက် အတည်ပြုချက် ရယူခဲ့ကြောင်း သိရှိရသည်။ (ဝ၆၆)

မီးဖိုမီး အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ပုလဲမြို့နယ် ထန်းတောတိုက်ကျေးရွာအနီးရှိ ညိုပြာရိုးချောင်းတာပေါင် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်လျက်ရှိ ကျေးရွာချင်းဆက်လမ်းများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးထိန်းသိမ်း

ပုလဲသွယ်အထွက်တိုးစပ်မျိုးစပါး ဒေသတွင်းစမ်းသပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ သစ်ကြီးတိုင်းကျေးရွာ၊ မယင်းကျေးရွာ၊ ဘန့်ဘွေးကျေးရွာ၊ ဝက်ကျကျေးရွာနှင့် လဲကန်ကျေးရွာတို့သို့ သွားရောက်ပြီး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ တိုးချဲ့စာသင်ဆောင်များ တည်ဆောက်နေမှု၊ ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ပြီးစီးမှုနှင့် ပြီးခဲ့သည့် မိုးတွင်းကာလရေကြီး၍ ပျက်သွားသောတာပေါင်များ ပြန်လည်ပြင်ဆင်မှုတို့ကို ကြည့်ရှုအားပေးကာ ယင်းကျေးရွာများနှင့် ပတ်ဝန်းကျင်ရှိ အိုင်းမကျေးရွာအုပ်စု၊ အေးချမ်းသာကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာ၊ ခင်သာကျေးရွာ၊ ဂျပ်ကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ လယ်ပလင်ကျေးရွာ၊ ခရုကျေးရွာ၊ မုံပင်ကျေးရွာ၊ ခံတွင်းကျေးရွာ၊ ကုန်းကျေးရွာနှင့် တောင်ပျောက်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးပြီး နိုင်ငံတော် အစိုးရက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုးချဲ့ဆောက်လုပ်ထားသည့် ကျောင်းဆောင်သစ်များအား စနစ်တကျအသုံးပြုထိန်းသိမ်းရန်၊ တွဲဖက်မူလတန်းကျောင်းများအနေဖြင့် ဆရာနှင့် ကျောင်းသားအင်အားမျှပြီး ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက စနစ်တကျ စီမံဆောင်ရွက်ရန်၊ ကျေးလက်ကျန်းမာရေး ဆေးခန်းတည်ဆောက်မှုများအတွက် ပံ့ပိုးမှုများကို ထိရောက်စွာအသုံးပြု ဆောင်ရွက်ရန်၊ ထူထောင်ပေးထားသော ဆေးငွေပဒေသာပင်များကို အသုံးပြု၍ ပြည်သူအားထိရောက်စွာ ကုသပေးရန်၊ တည်ဆောက်ဆဲစာကြည့်တိုက်များကို အမြန်ပြီးစီးအောင် ဆောင်ရွက်ပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် စာငှားစနစ် ကျင့်သုံးဆောင်ရွက်ရန်၊ ဤဒေသအတွင်း လမ်းပန်းဆက်သွယ်မှုအတွက် ဗဟိုကျသည့်ကျေးရွာများကို ရွေးချယ်ကာ ကျေးရွာချင်းဆက်လမ်းများကို ဖောက်လုပ်ပေးထားပြီးဖြစ်ရာ လမ်းများရေရှည်တည်တံ့အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်လျက်ရှိသော ပုလဲသွယ်အထွက်တိုးစပ်မျိုးစပါးကို သတ်မှတ်နည်းပညာနှင့်အညီ ဒေသတွင်း၌စမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျေးလက်ပြည်သူများ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အသေးစားငွေကြေးလုပ်ငန်း ပိုမိုတိုးတက် ကျယ်ပြန့်စေရေးအတွက် ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့သည်။

ပေးအပ်လှူဒါန်း

ကျေးရွာများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် သစ်ကြီးတိုင်းကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ဇီတ္တောင့်ကျေးရွာ၊ ကျော်တောကျေးရွာ၊ သဲပြင်ကျယ်ကျေးရွာ၊ ကံပေါက်ကျေးရွာနှင့် ဆည်ပြင်ကျေးရွာ စာကြည့်တိုက်များအတွက် ငွေကျပ်ငါးသိန်းစီ၊ အေးချမ်းသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ငွေကျပ်ငါးသိန်း၊ မယင်းကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀သိန်း၊ ခင်သာကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်ငါးသိန်း၊ ဘန့်ဘွေးကျေးရွာ၊ ဝက်ကျကျေးရွာနှင့် ဂျပ်ကျေးရွာတို့ရှိ စာကြည့်တိုက်များအတွက် ငွေကျပ် ၁၀ သိန်းစီ၊ အင်တိုင်းသာကျေးရွာ စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်း၊ ကသောင်းကျေးရွာ၊ လယ်ပလင်ကျေးရွာနှင့် ခရုကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်ငါးသိန်းစီ၊ လဲကန်ကျေးရွာတွင် ရေကာတာတည်ဆောက်ရန်အတွက် ငွေကျပ်ငါးသိန်း၊ မုံပင်ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀သိန်း၊ ခံတွင်းကျေးရွာ၊ ကုန်းကျေးရွာနှင့် တောင်ပျောက်ကျေးရွာ စာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်းစီ၊ ကျေးရွာများအတွက် အဝတ်အထည်များနှင့် ပလတ်စတစ်ရေပုံးများ၊ စာကြည့်တိုက်များအတွက် သုတရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပေါက်သွားခဲ့သည့် လယ်မြေဧက ၅၀၀ ခန့်ကို အကျိုးပြုလျက်ရှိသော ပုလဲမြို့နယ် ထန်းတောတိုက်ကျေးရွာအနီးရှိ ညိုပြာရိုးချောင်းတာပေါင် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ထန်းတောတိုက်ကျေးရွာ၊ သပြေအေးကျေးရွာ၊ မြေနီကုန်းကျေးရွာနှင့် သရက်ကျေးရွာတို့မှ ဒေသခံပြည်သူများအား ညိုပြာရိုးချောင်းမှရရှိသောရေဖြင့် သီးနှံများအထွက်တိုးရေး စိုက်ပျိုးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုလဲမြို့နယ် နှောကန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသန့်ရှင်းသာယာရေး၊ ကျေးရွာစာကြည့်တိုက် ပိုမိုရှင်သန် တိုးတက်ရေးတို့ကို မှာကြားကာ စာကြည့်တိုက်အတွက် သုတရသ စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် သစ်ကြီးတိုင်းကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

၄။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းထောင်အသီးသီးမှ လွတ်ပေးခြင်းခံရသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို အလေးထားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော South -East Asia Pipeline Company Limited သည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနီးရှိ မဒေးကျွန်းဒေသ၌ ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ရမ်းဗြဲကျွန်း အရှေ့ဘက် မဒေးကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ရမ်းဗြဲကျွန်း အရှေ့ဘက် မဒေးကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်းတည်နေရာများမှာ Gas Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်၊ Oil Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်နှင့် Optical Fibre Cable, Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၅ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်အထိဖြစ်သည်။

သို့ဖြစ်၍ ရမ်းဗြဲကျွန်း အရှေ့ဘက် မဒေးကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်း လမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti-XI တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လမ်းကြောင်းတစ်လျှောက် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

အမှုများ စစ်ဆေးစီရင်ရာတွင် ဥပဒေအရ အဆင့်ဆင့်အယူခံဝင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့်ရှိပြီးအယူခံရုံး၊ ပြင်ဆင်မှုရုံးများက မူလရုံးများ၏ မှားယွင်းချွတ်ချော်မှုများကို ပြင်ဆင်တည့်မတ်ပေးနိုင်သဖြင့် အမှားနည်း၍ ဥပဒေနှင့်ညီညွတ်မျှတ မှန်ကန်သည့် ဆုံးဖြတ်ချက်များရရှိလာကြောင်း၊ သိမ်မွေ့ခက်ခဲနက်နဲသည့် ဥပဒေပြဿနာ ပေါ်ပေါက်ပါက အမြင့်ဆုံးရုံးဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့၏ စီရင်ပိုင်ခွင့်အတွင်းရှိသော ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ကြီးကြပ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့၏ ကြီးကြပ်မှုအောက်ရှိ ခရိုင်တရားရုံးများ၊ မြို့နယ် တရားရုံးများ၏ စစ်ဆေးစီရင်ဆုံးဖြတ်ချက်များ မှားယွင်းမှုမရှိအောင် ပြင်ဆင်တည့်မတ်ပေးရန် အာဏာရှိသည်နှင့်အညီ အယူခံ စီရင်ပိုင်ခွင့်အာဏာနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကျင့်သုံး၍ ပြင်ဆင်တည့်မတ်ပေးရန် ဖြစ်ကြောင်း၊ တရားသူကြီးများသည် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တာဝန်ရှိသူများ ဖြစ်ကြသည့်အတွက် နိုင်ငံတော်က ပေးအပ်သည့် တာဝန်ကို မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေတို့တွင်ပြဋ္ဌာန်းထားသည့် လွတ်လပ်စွာတရားစီရင်ရေးမူနှင့်အညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်စုံတစ်ဦး၏ မလျော်မကန် ဖိအားပေးမှု၊ မလျော်ဩဇာအသုံးပြုမှုများကို လက်မခံဘဲ ပြည်သူ့အကျိုးအတွက် ဖြောင့်မတ်မှန်ကန်စွာ ဥပဒေနှင့်အညီ စီရင်သွားရန်နှင့် ပြစ်မှုနှင့်ပြစ်ဒဏ် ညီညွတ်မျှတစွာ စီရင်ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ ထို့ပြင် တရားသူကြီးများ၊ တရားရုံးအဆင့်ဆင့်ဝန်ထမ်းများ အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက်လည်း အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေး ဦးစီးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားစီရင်မှုနှင့် တရားရုံးလုပ်ငန်း အခြေအနေများကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ဇော်ဦးခိုင် - ဘာသာပြန်သည်

ရှားပါးပင်ဂွင်းဖြူတစ်ကောင်အား အန္တာတိကဒေသအတွင်း တွေ့ရှိ

အန္တာတိက ဇန်နဝါရီ ၁၃

အလွန်တရာရှားပါးလှသော ပင်ဂွင်းဖြူတစ်ကောင်အား အန္တာတိကရေခဲပြင်ဒေသအတွင်းတွေ့ရှိကြောင်း အေဘီစီ သတင်းတွင် ဇန်နဝါရီ ၁၃ ရက်က သတင်းဖော်ပြသည်။

အမေရိကန်နိုင်ငံ အခြေစိုက်လန့်ဘရဒ်စူးစမ်းလေ့လာရေး အဖွဲ့အစည်းပိုင် အမျိုးသားဘူမိ မြေကမ္ဘလာ စူးစမ်းလေ့လာရေး သင်္ဘောဖြင့် အန္တာတိက အိုင်တီချော့ကျွန်းတွင် လေ့လာရေး ကွင်းဆင်းဆောင်ရွက်စဉ် အဖြူရောင်ရှိသော ရှားပါးပင်ဂွင်းတစ်ကောင်အား တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုကျွန်းနေရာတွင် ယက်ကန် ယက်ကန် သွားလာလျက်ရှိသော ပင်ဂွင်းဖြူကို သင်္ဘောပေါ်ရှိ သဘာဝသုတေသန ပညာရှင်ဒေးဗစ် စတီဗင်က လျှပ်တစ်ပြက် ဓာတ်ပုံရိုက်ယူခဲ့နိုင်ပြီး ဇန်နဝါရီ ၉ ရက်က ၎င်းတို့ပိုင် အင်တာနက် ဘလော့ဂ်ပေါ်တင်၍ ဖော်ပြလိုက်ခြင်းဖြစ်သည်။ **(ဝဲပုံ)**

တွေ့ရှိခဲ့သော ပင်ဂွင်းသည် ဖြူလွှလွှ အရောင်ရှိကြောင်း၊ အဖြူနှင့် အနက်ရောင် ပင်ဂွင်းများတွင် ပင်ဂွင်းဖြူတစ်ကောင်တွေ့ရှိရန်မှာ အလွန်ခဲယဉ်းကြောင်း စတီဗင်က ပြောကြားခဲ့သည်။

ပင်ဂွင်းများ၏အရောင် အဖြူနှင့်အနက်ရှိနေခြင်းသည် ငါးများဖမ်းဆီးရာ၌ သဘာဝကဖန်တီးပေးထားသော အားသာချက်တစ်ရပ်ဖြစ်ကြောင်း၊ ထိုသဘာဝမှ သွေဖည်ဖြစ်ပေါ်ခဲ့သည့် ယခုအဖြူရောင်ရှိသောပင်ဂွင်းကို တွေ့ရှိရခြင်းသည် ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ရပ်ဖြစ်ကြောင်း စတီဗင်၏ စူးစမ်းလေ့လာရေးနေ့စဉ်မှတ်တမ်းတွင် ရေးသားထားသည်။

"ဒီကိစ္စဟာ ရှားပါးဖြစ်ခဲတဲ့ သဘာဝလွန် ကိစ္စတစ်ရပ်ပါပဲ" ဟု ပင်ဂွင်း ပါရဂူနှင့် စာရေးသူတစ်ဦးဖြစ်သည့် ဒိုင်လန်ဒီနာပိုလီက ပြောကြားသည်။

အဖြူနှင့်အနက် ပင်ဂွင်းကောင်ရေ ၁၄၆၀၀၀ မှာ ပင်ဂွင်းဖြူတစ်ကောင်သာ ပေါက်ဖွားနိုင်ကြောင်း၊ မိမိအနေဖြင့် အန္တာတိကဒေသမှာ လေ့လာရေးထွက်ခဲ့ပေါင်းများလှပြီဖြစ်သော်လည်း ပင်ဂွင်းများစွာကိုမြင်တွေ့ခဲ့ပြီး ပင်ဂွင်းဖြူတစ်ကောင် တလေကိုမှ တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း ဒိုင်လန်က ဖြည့်စွက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဦးချိုနှင့် အကြေးခွံပါသော မြွေပွေးမျိုးစိတ်သစ် အာဖရိကအရှေ့ပိုင်း၌ တွေ့ရှိ

ဗျူနိုအေရိစ် ဇန်နဝါရီ ၁၃

ဦးချိုနှင့် အကြေးခွံပါပြီး အရောင်တောက်ပသည့် မြွေပွေးမျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၁၀ ရက်က ဖော်ပြသည်။ **(အောက်ပုံ)**



ရေးသားဖော်ပြ

အနက်နှင့် အဝါစပ် မြွေပွေးမျိုးစိတ်သစ်ကို အာဖရိက အရှေ့ပိုင်းရှိ တန်ဇန်းနီးယားထိန်းချုပ်နယ်မြေအတွင်း တွေ့ရှိခြင်းဖြစ်သည်။ ထိုမြွေ၏အရှည်မှာ ၂ ဒသမ ၁ ပေရှိပြီး မျက်လုံးအိမ်များပေါ်တွင် ဦးချိုသဏ္ဌာန်မျိုး အကြေးခွံများ ပါရှိသည့် မြွေပွေးမျိုးဖြစ်သည်။ ထိုမြွေပွေးမျိုးစိတ်အား မက်ကဲလ်တာဦးချိုပါ မြွေပွေးဟု အမည်ပေးထားကြောင်း၊ ယခုတွေ့ရှိချက်ကို သုတေသနပညာရှင်များက ဇူးတာဇာ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ပါရှိသည်။

တွေ့ရှိခဲ့သည့် မြွေပွေးမျိုးစိတ်သည် ရှားပါးမျိုးစိတ်ဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်မည့် ဘေးအန္တရာယ်အတွက် အလွန်မှပင် စိုးရိမ်ရသော တိရစ္ဆာန်မျိုးစိတ်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဂျာနယ်တွင်ရေးသားဖော်ပြထားသည်။ **(အင်တာနက်)**

ကမ္ဘာ့အနက်ဆုံး မီးတောင်ထိပ်ဝများ အပူဆုံးဖြစ်ကြောင်း သုတေသနပြုတွေ့ရှိ

လန်ဒန် ဇန်နဝါရီ ၁၃

ကမ္ဘာ့အနက်ဆုံး မီးတောင်ထိပ်ဝများသည် အပူလောင်ဆုံးသော မီးတောင်ထိပ်ဝများဖြစ်ကြောင်း ဗြိတိန်ပညာရှင်အဖွဲ့ ဦးစီးသည့် စူးစမ်းလေ့လာရေးအဖွဲ့က သုတေသနပြု ထောက်ပြသည်။

အရည်ပျော်စေနိုင်

ကာရေဘီယံ ပင်လယ်ကြမ်းပြင်အောက် ငါးကီလိုမီတာ အနက်တွင် တည်ရှိသည့် မီးတောင်ထိပ်ဖျားကို လေ့လာကာ ဆိုခဲ့ခြင်းဖြစ်သည်။ ယင်းနေရာဝန်းကျင်ရှိ ရေထု၏ အပူချိန်မှာ ၄၅၀ ဆဲလ်စီးရပ်ထက်ပင် ပိုမိုကြောင်း၊ ခဲသတ္တုကိုပင် အရည်ပျော်စေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့သော်ငြား ဖြူဖျော့ဖျော့ ပုစွန်ဆိတ်လို သတ္တဝါမျိုးစိတ်များကိုလည်း ယင်းမီးတောင်ဝများအနီး အုံသြဖွယ်တွေ့ရှိရကြောင်း သုတေသနအဖွဲ့က သဘာဝ ဆက်သွယ်မှုဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တရုတ်၌ မိုးလေဝသလေ့လာရေးဂြိုဟ်တု လွှတ်တင်

စီချန် ဇန်နဝါရီ ၁၃

တရုတ်နိုင်ငံ စီချန်မြို့အနောက်တောင်ပိုင်းရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ မိုးလေဝသဂြိုဟ်တု ဖန်ယန် II-07 ကို ဇန်နဝါရီ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၆ မိနစ်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါဂြိုဟ်တုသည် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ ပင်လယ်ရေကြောင်းဆိုင်ရာ အချက်အလက်များနှင့် ရေသယံဇာတဆိုင်ရာ သတင်းအချက်အလက်များကို မြေပြင်စခန်းသို့ ဓာတ်ပုံနှင့်တကွ ပေးပို့မည်ဖြစ်သည်။

ထိုသို့သတင်းအချက်အလက်များ ပေးပို့ခြင်းကြောင့် ရာသီဥတုအခြေအနေကို သုံးသပ်နိုင်ပြီး သဘာဝဘေး အန္တရာယ်ကြုံတွေ့ရမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ယင်းဂြိုဟ်တုကို လောင်းမတ်-၃ အေ ဒုံးပျံဖြင့် သယ်ဆောင်သွားသည်။ ၎င်းဒုံးပျံမှာ တရုတ်နိုင်ငံ အာကာသယာဉ်လွှတ်တင်ရေးဆိုင်ရာ နည်းပညာအကယ်ဒမီမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုကို တရုတ်နိုင်ငံ၏ (၁၅၇) ကြိမ်မြောက် လောင်းမတ်ဒုံးပျံဖြင့် လွှတ်တင်လိုက်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ဂြိုဟ်တုလွှတ်တင်ခြင်းများသည် ပြည်တွင်းထုတ် လောင်းမတ်ဒုံးပျံဖြင့်သာ လွှတ်တင်ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အမေရိကန် မြောက်ကာရိုလိုင်းနားပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက် နံနက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အိမ်နှင့်အဆောက်အအုံ ၆၀ ခန့် ပျက်စီးပြီး ဒေသခံ ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် အမျိုးသားရာသီဥတုရေးရာဌာနက ဇန်နဝါရီ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဆက်လက်ရွေ့လျား

ယင်းလေဆင်နှာမောင်းသည် တစ်နာရီ ၁၁၅ မိုင်နှုန်းခန့်တိုက်ခတ်ပြီး ရူသာဖို့ဒ်နှင့် ဘာကီစီရင်စုများသို့ ဝင်ရောက်တိုက်ခတ်ကာ မြောက်ကာရိုလိုင်းနားပြည်နယ် အနောက်ပိုင်းသို့ ဆက်လက်ရွေ့လျားသွားသည်။ ဒဏ်ရာရရှိသူများမှာ ရူသာဖို့ဒ်စီရင်စုရှိ အီလ်လန်ဘိုရိုအရပ်မှ ဖြစ်ကြသည်။

ပြတ်တောက်သွား

လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ရာ သုံးမိုင်ပတ်လည်အတွင်း အဆောက်အအုံများ ပျက်စီးခဲ့သည်။ ထို့အတူ ဘာကီစီရင်စုတွင်လည်း လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားခဲ့သည်။

ပျက်စီးခဲ့

၎င်းလေဆင်နှာမောင်းသည် တောင်ကာရိုလိုင်းနားမှ မြောက်ကာရိုလိုင်းနားသို့ ရွေ့လျားတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ တောင်ကာရိုလိုင်းနားပြည်နယ်တွင် လေဆင်နှာမောင်းကြောင့် ရေကာတာအချို့ ပျက်စီးခဲ့သည်။ **(အင်တာနက်)**

စိန်ကီလိုဂရမ် ၂၀၀ ခန့်ထွက်ရှိမည့် စိန်တွင်းတစ်တွင်းတွေ့ရှိ

ပေကျင်း ဇန်နဝါရီ ၁၃

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ စိန်အလေးချိန် ကီလိုဂရမ် ၂၀၀ ခန့် ထွက်ရှိနိုင်သည့် စိန်တွင်းကြီးတစ်တွင်းကို ရှာဖွေတွေ့ရှိခဲ့ရာ နှစ် ၃၀ ခန့်အတွင်း တရုတ်၌ အကြီးဆုံး စိန်တွင်းတစ်တွင်းဖြစ်ကြောင်း တရုတ်အရာရှိများက ဇန်နဝါရီ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အရည်အသွေးမြင့်

ယင်းစိန်တွင်းမှာ လျောင်နင်းပြည်နယ် အရှေ့မြောက်ပိုင်း ဝါဖန်ဒီအင်မြို့အနီးတွင် တည်ရှိပြီး အရည်အသွေးမြင့်သောစိန်များ ထွက်ရှိသည့်နေရာလည်းဖြစ်သည်။

၎င်းပြည်နယ်တွင် အရည်အသွေးမြင့်သည့် စိန်များထွက်ရှိသည့် စိန်တွင်းများကို ဆက်လက်ဖော်ထုတ်သွားမည်ဟု တရုတ်အရာရှိတစ်ဦးက ပြောကြားသည်။ ကမ္ဘာပေါ်တွင် စိန်အများဆုံးထွက်ရှိသည့် နိုင်ငံများမှာ တောင်အာဖရိက၊ အိန္ဒိယနှင့် ဆားဘီးယားနိုင်ငံတို့ဖြစ်ကြသည်။ သို့သော်လည်း လွန်ခဲ့သည့်နှစ်များကပင် အရွယ်အစားအလွန်ကြီးမားသည့် စိန်တုံးများမှာ ၎င်းစိန်တွင်းများ၌ မထွက်ရှိတော့ချေ။ တရုတ်နိုင်ငံတွင် စိန်တူးဖော်ရေးလုပ်ငန်းကို စိတ်ဝင်စားသူဦးရေ တဖြည်းဖြည်း တိုးပွားလာလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၁၃-၁-၂၀၁၂)

➢➢ တင်မောင်လွင် - စုစည်းသည် ⮜⮜

သမ္မတအိုဘားမားနှင့် အစ္စရေးဝန်ကြီး အရှေ့အလယ်ပိုင်းအရေး ဆွေးနွေး

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အရှေ့အလယ်ပိုင်းအခြေအနေ ဆွေးနွေးရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင်နေတန်ယာဟုအား ဇန်နဝါရီ ၁၂ရက်က မိမိ၏အိမ်ဖြူတော်သို့ ဖိတ်ခေါ်လိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ နှစ်နိုင်ငံအကြီးအကဲများအနေဖြင့် မကြာသေးမီက ပြုလုပ်သည့် အစ္စရေးနှင့် ပါလက်စတိုင်းနှစ်နိုင်ငံအကြား အစည်းအဝေးများအား ပြန်လည်သုံးသပ်ပြီး စေ့စပ်အဖွဲ့ဝင်များဖြစ်သည့် အိုမန်၊ ဂျော်ဒန်နှင့် အိုဘားမားတို့က ဒေသတွင်းငြိမ်းချမ်းရေး ရေရှည်တည်တံ့စေရန်နှင့် ရည်မှန်းချက်များပြီးမြောက်အောင်မြင်စေရန် ၎င်းတို့၏ ကတိများကို ပြန်လည်အတည်ပြုခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။ အစ္စရေးလုံခြုံရေးအတွက် ၎င်းတို့၏ကတိများကို မယိမ်းမယိုင်ဘဲခိုင်မာသွားရန် သမ္မတ အိုဘားမားက ထပ်လောင်းပြောကြားပြီး နှစ်နိုင်ငံခေါင်းဆောင်များက နှစ်ဦးနှစ်ဖက်သက်ဆိုင်သည့် အပြန်အလှန်ကိစ္စရပ်များ လာမည့်အပတ်များတွင် ဆွေးနွေးသွားရန် ကတိကဝတ်ပြုခဲ့ကြသည်။

၂၀၁၁ ခုနှစ်တွင် စပိန်နိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုရောက်ရှိ

စပိန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုစုစုပေါင်း ၅၆ ဒသမ ၉ သန်းရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကထက် ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း စက်မှု၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး မန်နူရယ်ဆိုရီအိပ်တ်က ဇန်နဝါရီ ၁၃ ရက်တွင် အတည်ပြုပြောကြားသည်။

စပိန်နိုင်ငံသို့လာရောက်သည့် အခြားနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က လာရောက်သည့် ခရီးသွား ၅၂ ဒသမ ၆ သန်းထက် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ စပိန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်၍ ကမ္ဘာလှည့်ခရီးသည် ၅၇ သန်းကျော်လာရောက်နိုင်ကြောင်း၊ ၂၀၁၁ ခုနှစ်သည် နိုင်ငံအတွက် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း အကောင်းဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့ကြောင်း၊ သမိုင်းတွင် လေးကြိမ်မြောက် အကောင်းဆုံးနှစ်ဖြစ်ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ စပိန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်က ကမ္ဘာလှည့် ခရီးသည် လာရောက်လည်ပတ်သူ ၅၉ ဒသမ ၂ သန်း၊ ၂၀၀၆ ခုနှစ်က ၅၈ ဒသမ ၄ သန်း၊ ၂၀၀၈ ခုနှစ်တွင် ၅၇ ဒသမ ၄ သန်းရောက်ရှိခဲ့သည့်အတွက် ခရီးသွား လုပ်ငန်းမှသည် စက်မှုလုပ်ငန်းများအတွက်ပါ တိုးတက်အောင်မြင်မှုအများအပြား ရရှိလာခဲ့သည်ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

ဂျာမနီတရားရုံးတစ်ရုံး၌ အစိုးရရှေ့နေတစ်ဦး ပစ်သတ်ခံရ

ဂျာမနီနိုင်ငံ ဒက်ချောတရားရုံးတွင် တရားခွင်၌ ၎င်း၏ပြစ်ဒဏ်စီရင်ချက်ချနေစဉ်အတွင်း အစိုးရရှေ့နေတစ်ဦးအား ပစ်သတ်ခဲ့သည့် တရားခံတစ်ဦး လူသတ်မှုဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ဂျာမန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားသည်။ အသက် ၅၄ နှစ်အရွယ်ရှိ အဆိုပါတရားခံသည် ကုမ္ပဏီဝန်ထမ်းများ၏ လစာငွေများအား အလွဲသုံးစားပြုမှုနှင့် ထိမ်ချန်မှုများအတွက် ဇန်နဝါရီ ၁၁ ရက်က တရားရုံးတွင် တရားရင်ဆိုင်နေစဉ် ၎င်း၏ပစ္စတိုသေနတ်တစ်လက်ကိုဆွဲထုတ်ပြီး အဆိုပါတရားလိုရှေ့နေအား ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထပ်မံပြောကြားသည်။ အသက် ၃၁ နှစ်အရွယ်ရှိ အစိုးရရှေ့နေသည် အချက်များစွာပစ်ခတ်ခံရပြီးနောက် ဒေသတွင်းဆေးရုံတစ်ရုံ၌ ဆေးကုမှုခံယူစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ တရားခွင်တွင် သက်သေနှစ်ဦးက အဆိုပါပစ်ခတ်သူအား ထိန်းသိမ်းနိုင်ခဲ့သည်။

ကင်ညာတပ်ဖွဲ့ဝင် ၁၈ ဦး ဆိုမာလီနိုင်ငံတောင်ပိုင်း၌ သေဆုံး

ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် ဆိုမာလီနှင့် ကင်ညာတပ်ဖွဲ့ဝင်များကတစ်ဖက်၊ အယ်ရှာဘတ်လက်နက်ကိုင်များကတစ်ဖက် အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီးနောက် အနည်းဆုံး ကင်ညာတပ်ဖွဲ့ဝင် ၁၈ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။ ကင်ညာနယ်စပ်အနီး အောက်ဂျင်ဘာဒေသ ကိုကာနီမြို့နှင့် တာတာမြို့အကြား ဇန်နဝါရီ ၁၁ ရက်က ကင်ညာတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ဆိုမာလီတပ်ဖွဲ့ဝင်များသည် အယ်ရှာဘတ်လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားသည်။ ကင်ညာနှင့် ဆိုမာလီတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် ယာဉ်တန်းကို အယ်ရှာဘက်လက်နက်ကိုင်တို့က တိုက်ခိုက်ရာမှ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားကြောင်း ဆိုမာလီအရာရှိများက ပြောကြားသည်။ ကင်ညာတပ်ဖွဲ့ဝင်အများအပြားကို တိုက်ခိုက်ချေမှုန်းလိုက်ကြောင်း အောက်ဂျင်ဘာမှ အယ်ရှာဘတ်ခေါင်းဆောင်များက ပြောကြားသည်။ (အင်တာနက်)

◆ ကျောဖုံးမှ

ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့် ပဒိုစောဒေးဗစ်ထောတို့ ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ပဏာမ ဆောင်ရွက်ရန် သဘောတူညီချက် (၅)ချက်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန်မူအားဖြင့် သဘောတူညီသည့်အချက် (၁၁)ချက်အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဗိုလ်မှူးချုပ်စောဂျော်နီတို့သည် ပြည်နယ်အဆင့် ပဏာမသဘောတူညီမှု စာချုပ်ကို လက်မှတ်ရေးထိုးကြပြီးနောက် အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက် (၁၁)ချက်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သဝဏ်လွှာဖတ်ကြား

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရွှေကျင်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၀၀၁)

လှိုင်မြို့နယ် အထက (၂၃) မူလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ ခြောက်နှစ်ဆက်တိုက် ပထမဆုရရှိသော ဆဋ္ဌမတန်းကျောင်းသူ မငြိမ်းငြိမ်းသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင်း ထူးချွန်ဆုချီးမြှင့်စဉ်။ (၁၂၂)

လျှော်တိုင်းဂျီပီအက်စ်များ စစ်ကိုင်းပြတ်ရွေ့ကြော၌ တပ်ဆင်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ လျှော်ကော်မတီနှင့် စင်ကာပူနိုင်ငံ နန်ယန်တက္ကသိုလ်ရှိ ကမ္ဘာမြေလေ့လာရေးအဖွဲ့(စင်ကာပူ)တို့ပူးပေါင်းကာ စစ်ကိုင်းပြတ်ရွေ့ကြောအား ခန့်မှန်းတိုင်းတာနိုင်မည့်ဂျီပီအက်စ်များ ထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်က ကျိုက်ထို၊ ဝေါ၊ ပဲခူးနဲ့ တိုက်ကြီးတို့မှာ ဂျီပီအက်စ်စနစ်သုံး လျှော်တိုင်းကိရိယာတွေကို တပ်ဆင်ထားပြီးပါပြီ။ အခုထပ်မံပြီး စစ်ကိုင်းပြတ်ရွေ့ရဲ့ အရှေ့ဘက်မှာ ဂျီပီအက်စ် နှစ်လုံးနဲ့ အနောက်ဘက်မှာ ဂျီပီအက်စ်နှစ်လုံးကို ထပ်မံတပ်ဆင်မှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလျှော်ကော်မတီမှ အတွင်းရေးမှူး ဦးစိုးသူရထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ လျှော်တိုင်းကိရိယာသစ် ဂျီပီအက်စ်များတပ်ဆင်ပြီးစီးသွားပါက ကမ္ဘာကျော် စစ်ကိုင်းပြတ်ရွေ့ကြီး၏ ရွေ့လျားမှုအခြေအနေနှင့် လျှော်ဖြစ်နိုင်သည့် အခြေအနေတို့ကို အနီးစပ်ဆုံးခန့်မှန်းနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (၁၅၀)

လွတ်လပ်ရေးနေ့အခမ်းအနား ဘုရားသုံးဆူမြို့နယ်ခွဲ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့မျက်နှာစာ၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	**MRTV-4** အဖွင့် **Logo** ပဥ္စာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	**MRTV-4** သတင်း
၅:၄၀	**ဩဝါဒပါတိမောက်** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆:၂၅	ရှင်တော်မဟာမုနိ… ဘဂဝါပူဇေမိ
၆:၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၆)
၇:၃၀	**MRTV-4** သတင်း
၈:၀၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၉)
၈:၄၅	**Four Flavours Show (Part-5)**
၉:၃၅	**Global Panorama** (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀	ကျေးလက်နေပြည်သူများအတွက်ဘဝ အလင်း ပေါင်းစည်းလယ်ယာစေ (၁၀၀)
၁၀:၃၅	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၁၀:၅၅	တွဲဖက် အထကနှင့် အထက တော်လတီ၏ မြတ်ဆရာပူဇော်ပွဲ
၁၁:၁၅	အမျိုးသားများအားလုံး၏ **Style** အတွက် **Golden Bright Star**
၁၁:၃၀	ရန်ကုန်မြင်ကွင်းကျယ် ဗဟိုသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုပွဲအခမ်းအနား
၁၁:၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၄)
၁၂:၃၅	ဆေးတက္ကသိုလ် (၁) ရန်ကုန်(၁၉၈၂ ၁၉၉၀) ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ
၁:၀၀	**ဩဝါဒပါတိမောက်** တရားတော် (သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၂:၀၀	**MRTV-4** သတင်း
၂:၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၉)
၃:၁၅	ထားဝယ်အသင်း၏ ရာပြည့်မှတ်တိုင်ခရီးဆီသို့
၃:၃၀	**MNL Myanmar 2012 (Ayeyarwady United Vs Yangon United FC) (Live)**
၅:၃၅	လယ်ယာကုန်ထုတ်လုပ်မှုမြင့်မားရေး မှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့
၅:၅၀	**Road to Life & Dance 10th Anniversary Dance Concert**
၆:၀၀	**MRTV -4** သတင်း
၆:၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၇)
၇:၁၀	**Four Flavours Show (Part-6)**
၈:၀၀	**MRTV-4** သတင်း
၈:၃၀	**Road to New Star Gems & Jewellery Show**
၈:၄၀	ရွှေငါးရွှေဆိုင်မိသားစု၏ မွေးနေ့မင်္ဂလာနှင့် မင်္ဂလာနှစ်ပတ်လည် အလှူတော်မင်္ဂလာ
၈:၅၀	သွားမယ်စားမယ် (စိမ်းလန်းစိုပြေ)
၉:၁၅	ပရိမီယာလိဂ်ရင်ခုန်သံ
၉:၂၅	**Barclays Premier League Liverpool Vs Stoke City**
၁၁:၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ**(အပိုင်း-၄၀)
၁၂:၁၀	ဂဏန်းသင်္ချာပျော်စရာ
၁၂:၅၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၅)
၁:၂၀	**Kid's Show**
၁:၄၀	**Movie Talk** [ရုပ်ရှင်ထူးချွန်ဆုသမိုင်း] ဒါရိုက်တာ ကြည်စိုးထွန်း (အပိုင်း-၄)
၂:၀၀	**Fashion Week** ရွှေကုံ့ကော်ပိုးထည်တိုက် (အပိုင်း-၁)
၂:၀၅	အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာ ချစ်သုဝေ)
၂:၄၀	**VJ Choice**
၃:၀၅	နှစ်စဉ်ဝင်ငွေတိုးစေဖို့… သစ်မွေးစိုက်ကြစို့
၃:၂၅	**World of Knowledge (Lord of the Ring's on Stage)**
၄:၀၀	ဝိရောဓိ **CONTRA**
၄:၁၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄:၃၀	**အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ငှက်ပျောကြော်၊ ထင်ပေါ်၊မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၄:၄၀	ဆန္ဒပြည့်ဝ…ဖူးကြမသွေ နှစ်ဆန်းဗုဒ္ဓေ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Man U- Bolton	(ESPN)
၉:၂၅	Liverpool- Stoke City	(Star Sports) (MRTV-4)

အာဖရိကဖလားဘောလုံးပွဲမှာ စောင့်ကြည့်ရမည့်မဟုရာကြယ်ပွင့်များ

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၁၃

အာဖရိကဖလားဘောလုံးပြိုင်ပွဲကို ဂါဘွန်နဲ့ အီကွေတိုးရီးယားနိုင်ငံတွေမှာ လာမယ့်ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကြတော့မှာ ဖြစ်ပါတယ်။



ကမ္ဘာကျော်ဘောလုံးသမားတွေ ထွက်ပေါ်တဲ့ အာဖရိကဖလားဘောလုံးပြိုင်ပွဲမှာ အာဖရိကနိုင်ငံပေါင်း ၁၆ နိုင်ငံက နိုင်ငံကိုယ်စားပြုဘောလုံးအသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အဲဒီဘောလုံးအသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်စေမှာဖြစ်ပြီး အုပ်စု(က) မှာတော့ အီကွေတိုးရီးယား၊ ဇမ်ဘီယာ၊ ဆီနီဂေါနဲ့ လစ်ဗျားအသင်းတွေ ပါဝင်နေပါတယ်။

အုပ်စု(ခ)မှာတော့ အိုင်ဗရီကို့စ်၊ အင်ဂိုလာ၊ ဘာကီနာဖာဆိုနဲ့ ဆူဒန်အသင်းတွေပါဝင်ပြီး အုပ်စု(ဂ)မှာတော့ ဂါဘွန်၊ တူနီးရှား၊ မော်ရိုကိုနဲ့ နိုင်ဂျာအသင်းတွေ ပါဝင်နေတာတွေ့ရပါတယ်။ အုပ်စု (ဃ)မှာ ဂါနာ၊ ဂိုင်နီယာ၊ မာလီနဲ့ ဘော့ဆွာနာအသင်းတွေ ပါဝင်ပါတယ်။ အာဖရိကဖလားပြိုင်ပွဲတစ်လျှောက်မှာ ဆုဖလားရရှိခဲ့တဲ့ အသင်းတွေရဲ့ အခြေအနေကိုကြည့်ရင် အီဂျစ်အသင်းက ခုနစ်ကြိမ်၊ ကင်မရွန်းနဲ့ဂါနာအသင်းတွေက လေးကြိမ်စီ၊ နိုင်ဂျီးရီးယားနဲ့ ဇိုင်ယာ (ကွန်ဂိုဒီမိုကရက်စ်) နှစ်ကြိမ်စီနဲ့ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ အီသီယိုးပီးယား၊ အိုင်ဗရီကို့စ်၊ မော်ရိုကို၊ တောင်အာဖရိက၊ ဆူဒန်၊ တူနီးရှားအသင်းတွေက တစ်ကြိမ်စီရရှိထားကြပါတယ်။

ယှဉ်ပြိုင်

ဒီနှစ်ပြိုင်ပွဲမှာ အာဖရိကနာမည်ကြီးအသင်းတွေဖြစ်တဲ့ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ အီဂျစ်နဲ့ တောင်အာဖရိကအသင်းတွေ ခြေစစ်ပွဲမအောင်ခဲ့တာမို့ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဇန်နဝါရီ ၂၁ ရက် အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်အီကွေတိုးရီးယားနဲ့ လစ်ဗျားအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဒီနှစ်အာဖရိကဘောလုံးပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့်ကစားသမားတွေကတော့ ဆီနီဂေါတိုက်စစ်မှူး ဒမ်ဘာဘာ၊ အင်ဂိုလာတိုက်စစ်မှူး မာနုချိုနဲ့ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဂါဗင်ဟိုတို့ပဲဖြစ်ပါတယ်။ ဆီနီဂေါတိုက်စစ်မှူး ဒမ်ဘာဘာဟာ နယူးကာဆယ်အသင်းမှာ ခြေစွမ်းပြဂိုးသွင်းနေသူဖြစ်ပြီး ဒီပွဲမှာ အာဖရိကရွှေဖိနပ်ဆု မှန်းနေသူဖြစ်ပါတယ်။

အင်ဂိုလာတိုက်စစ်မှူး မာနုချိုဟာ စပိန်ကလပ် ရီးရဲဗယ်လာဒိုလစ်အသင်းမှာ အဓိကတိုက်စစ်မှူးအဖြစ် ကစားနေသူဖြစ်ပြီး ဒီပွဲမှာ ဂိုးသွင်းစံချိန်တင်နိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဂါဗင်ဟိုကလည်း အာဆင်နယ်အသင်းမှာ ခြေစွမ်းပြပြီး အဓိကပွဲထွက်ကစားသမားအဖြစ် နေရာရလာသူဖြစ်ပါတယ်။

ဒါကြောင့် မကြာခင်ကျင်းပတော့မယ့်အာဖရိကဖလားဘောလုံးပွဲမှာ ဘယ်သူတွေ ခြေစွမ်းပြနိုင်ပြီး ဘယ်အသင်းဗိုလ်စွဲသွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

သာကေတမြို့နယ် အမက (၂၆)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးက မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်းကျောင်းသူ မခိုင်ဇာလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မောင်မောင်မြင့်ဆွေ ➢ စုစည်းသည်

အီတာလီယာဖလားဘောလုံးပြိုင်ပွဲ နာပိုလီတို့ အိမ်ကွင်း၌ နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၁၃

အီတာလီယာဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၃ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ နာပိုလီအသင်းက ဆီနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲ၌ ဧည့်သည်ဆီနာအသင်းမှ ပိုပက်စ်ကူက ပွဲချိန် မိနစ် ၂၀ တွင် အဖွင့်ဂိုးသွင်းယူခဲ့သည်။ အိမ်ရှင်နာပိုလီတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန်ရောက်မှသာ နာပိုလီတို့ ကစားအားတင်ခဲ့ရာမှ ပွဲချိန် ၆၅ မိနစ်၌ ကာဗာနီက တစ်ဂိုး၊ ပွဲချိန် ၈၆ မိနစ်၌ ပင်ဒက်ဗ်ကတစ်ဂိုး သွင်းယူခဲ့သဖြင့် နာပိုလီတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

တစ်ဖန် အူဒီးနီစ်နှင့် ချေယေးဗိုအသင်းတို့ပွဲတွင် ချေယေးဗိုက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ရိုးမားနှင့် ဖီအိုရင်တီးနားတို့ပွဲတွင် ရိုးမားတို့က သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ လာဇီယိုနှင့် ဗီရိုနာတို့ပွဲတွင် လာဇီယိုက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဇန်နဝါရီ ၁၈ ရက်တွင် အေစီမီလန်နှင့် နိုဗာရာအသင်းတို့ ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက်၌ အင်တာမီလန်နှင့် ဂျီနိုအာတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံအောင် ဒေသကြက်မျိုး၊ ဘဲမျိုးများ ပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျေးရွာမှတစ်ဆင့် တစ်နိုင်ငံလုံးပျံ့နှံ့အောင်ဖြန့်ဖြူးပေး

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရသည် ပြည်သူများစားဝတ်နေရေးကို ပြည့်စုံအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေချို/ရေငန်ကဏ္ဍစုံတွင်လည်း ဖူလုံအောင်ဖန်တီးပေးရမည်ဖြစ်ပြီး အမယ်တစ်မယ်ချင်းအလိုက်၊ ကဏ္ဍတစ်ခုချင်းအလိုက် သုတေသနစမ်းသပ်မှုများ ပြုလုပ်နေသည့် တစ်ချိန်တည်း မိမိနိုင်ငံနှင့်သင့်တော်မည့် ခေတ်မီမျိုးကောင်းမျိုးသန့်များကို ပြည်ပမှ တင်သွင်းမွေးမြူထုတ်လုပ်ဖြန့်ဖြူးရန် လိုအပ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်မွေးမြူရေးဇုန်ရှိ မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းအောက်ရှိ မျိုးကြက်ထုတ်လုပ်ရေးယူနစ်ဗဟိုဖောက်စက်၊ ကြက်များစမ်းသပ်မွေးမြူရေးစခန်း၊ ဝက်မွေးမြူရေးခြံ၊ နွားမွေးမြူရေးခြံများသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဝန်ထမ်းများအားမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပျဉ်းမပင် ဗဟိုဖောက်စက်အနေဖြင့် ဥစားကြက်တစ်မျိုးတည်းကိုသာ မျိုးဖောက်ထုတ်လုပ်ခြင်းမဟုတ်ဘဲ ဒေသကြက်ဥ၊ ဘဲဥ၊ မိကျောင်းဥများကို စမ်းသပ်ဖောက်လုပ်ပြီး ဒေသကြက်မျိုး၊ ဘဲမျိုးများကို ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှတစ်ဆင့် တစ်နိုင်ငံလုံးပျံ့နှံ့သွားရေး ဖြန့်ဖြူးပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စားဝတ်နေရေးကို ပြည့်စုံအောင် ဖန်တီးပေးနိုင်ရေး ရည်ရွယ်၍ ယခုကဲ့သို့ မွေးမြူရေးစခန်းများကို တည်ထောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စမ်းသပ်ကြက်မွေးမြူရေးစခန်းမှ ရက်သားကြက်ထီး သားပေါက်များကို ငွေကျပ် ၅၀ နှုန်း၊ ဥကြက်မရက်သား ကြက်ပေါက်များကို ငွေကျပ် ၆၀၀ နှုန်း၊ မီးလွတ်ကြက်ထီးများကို ငွေကျပ် ၁၂၀၀ နှုန်း၊ မီးလွတ် ဥစားကြက်မများကို ငွေကျပ်၁၇၅၀နှုန်း တို့ဖြင့် ကျေးလက်ဒေသများသို့ သမဝါယမနည်းလမ်းများအသုံးပြုကာအကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ကြောင်း၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို နည်းပညာများအသုံးပြု၍ သဘာဝမြေဩဇာများ ထုတ်လုပ်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းများ (Government Employee Co-operative) ဖွဲ့စည်းဆောင်ရွက်ကာ ပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများရှိ စိုက်ပျိုးရေးသမားများထံသို့ ရောင်းချပေးနိုင်ရေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဝန်ထမ်းများအားတွေ့ဆုံကာငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူလယ်သမားများ မွေးမြူရေး တွဲဖက်ဆောင်ရွက်နိုင်ရန်အတွက် ငါးမျိုးများနှင့်ငါးသားပေါက်များကို အခမဲ့ဖြန့်ဖြူးပေးနိုင်ရေးအထိဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး ငါးမျိုးရည်ခဲချောင်းများအား Nitrogen Tank အတွင်း သိုလှောင်ထားရှိမှု၊ ငါးသားဖောက်ခန်း၊ ဥချကန်၊ မျိုးဗီဇမြှင့်တင်ထားသော ငါးမြစ်ချင်းများအား Microchip ထည့်သွင်းထားပြီး Microchip Reader ဖြင့် မူလမျိုးဒေသအား စစ်ဆေးနိုင်ရေး မွေးမြူထားရှိမှုနှင့် ပြည်တွင်းအလှမွေး ငါးသားဖောက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးချက်များ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၃

ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yukio Edano ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** နှစ်နိုင်ငံဝန်ကြီးများ ဦးဆောင်သောအဖွဲ့များက မြန်မာ-ဂျပန် နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပကာ ဆွေးနွေးချက်မှတ်တမ်းကို နှစ်ဖက် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်ကဏ္ဍ၌ ဂျပန်နိုင်ငံမှနည်းပညာနှင့် အရင်းအနှီးများ ပူးပေါင်းပါဝင်မှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်မှု မျိုးသာမက မြန်မာနိုင်ငံ ပြည်သူအများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့် Petrochemical Complex စက်ရုံစုများထူထောင် လုပ်ကိုင်ရေးအတွက် ဦးစားပေး အဆိုပြု ဖိတ်ခေါ်လိုပါကြောင်းဆွေးနွေးရာ ဂျပန်နိုင်ငံဘက်ကလည်း မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် များစွာစိတ်ဝင်စားမှုရှိပါကြောင်းနှင့် ဂျပန်ကုမ္ပဏီများကို အမြန်ဆုံးစေလွှတ်၍ ဆွေးနွေးညှိနှိုင်းသွားစေမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက္ကမီမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ရက်က ကျိုက္ကမီကျောင်းတိုက်၌ ကျင်းပရာ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် အတွင်းရေးမှူး ဦးမြသောင်းတို့ ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

New Year IT & Mobile Fair - 2012 ကွန်ပျူတာလုပ်ငန်းရှင်များပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် New Year IT & Mobile Fair - 2012 ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသည်။

ကံစမ်းမဲဖောက်

မြန်မာနိုင်ငံ၏ Mobile နှင့် IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အီလက်ထရွန်နစ်ကုမ္ပဏီများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များ၊ ဆက်သွယ်ရေးပစ္စည်းအရောင်းဆိုင်များ ပါဝင်ပြသထားသည်။ ထို့ပြင် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းဝင် ကုမ္ပဏီများလည်း ပါဝင်ပြသထားရာ အသင်းဝင် I.C.E ကွန်ပျူတာပြခန်းတွင် ငွေကျပ် တစ်သိန်းနှင့်အထက် ဝယ်ယူကြသည့် Customer များအား ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီ ၁၅ ရက် ညနေ ၅နာရီတွင် Notebook ကွန်ပျူတာ ၁၀လုံးကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၃-၁-၂၀၁၂

ချစ်နိုင်(စိတ်ပညာ)၏ ချစ်လို့ပြောတာမှတ်ပါ ရေဒီယိုဟောပြောချက် (၃) စာအုပ်ထွက်ရှိ

စာရေးသူချစ်နိုင် (စိတ်ပညာ)၏ ချစ်လို့ပြောတာမှတ်ပါ ရေဒီယိုဟောပြောချက် (၃) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်တွင် ကံကောင်းနည်းလက်ဆောင်၊ ပခုံးပေါ် တက်ရပ်ကြနော်၊ လက္ခဏာရဲ့အချစ်မျိုး၊ ပြတ်သားတဲ့ ဦးတည်ချက်၊ မိသားစုတွင်း ကျင့်ဝတ်များ၊ ကလေးဆိုတာ လူကြီးဖြစ်လာ၊ သဲပွင့်ကိုပုလဲဖြစ်အောင်၊ ဘဝတွင်အောင်မြင်ကြောင်း (၁၀) ချက်၊ မနက်တိုင်းအသစ်အတွက် စတင်လိုက်ပါစသည့် ဟောပြောချက်(၃၄)ပုဒ် ပါဝင်သည်။ စာရေးသူ၏ စိတ်ဓာတ်ကောင်းမွန်ရေး၊ စည်းကမ်းကောင်းရေး၊ စေတနာကောင်းရေးအတွက် ဦးတည်ဟောပြောထားသည့် ဟောပြောချက်စာအုပ်ကို နိုင်စာပေက တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

မောင်စိမ်းနောင် (လယ်ဝေး)၏ အလှကမ္ဘာညီတို့ရွာ ကလေးကဗျာများစာအုပ်ထွက်ရှိ

စာပေလောကတွင် ကလေးများကို အသိအလိမ္မာပေးမည့်ကလေး စာပေဖွံ့ဖြိုးရှင်သန်နေရန် အမြဲတစေလိုအပ်လျက်ရှိရာ ဖြည့်ဆည်းမှု တစ်ရပ်အဖြစ် ကဗျာဆရာ မောင်စိမ်းနောင် (လယ်ဝေး) ၏ "အလှကမ္ဘာ ညီတို့ရွာ" ကလေးကဗျာများစာအုပ်ထွက်ရှိလာသည်။

"အလှကမ္ဘာညီတို့ရွာ"တွင် ကလေးများ အသက်အရွယ်အလိုက် သိသင့်သိထိုက်သော အသိအမြင်ဗဟုသုတနှင့် လိမ္မာရေးခြားရှိသော စိတ်ဓာတ်ကောင်း နှလုံးကောင်းဟုဆိုအပ်သည့် အသိအလိမ္မာများ တိုးပွားလာစေရန် ရည်ရွယ်ရေးသားထားသည်။ ကလေးများ ပျော်ပျော်ရွှင်ရွှင် စိတ်ဝင်တစားဆိုချင်လာအောင် ရေးဖွဲ့ထားသည်။ အသံအနိမ့်အမြင့်၊ အချီအချ စည်းကျဝါးကျရေးသားထားသည်။ ကလေးများ အာဆီယံဗဟုသုတ၊ ကျေးလက်ဗဟုသုတ၊ စကားပုံ၊ စကားထာ၊ သတ်ပုံဗဟုသုတစသည်ဖြင့် ဗဟုသုတကြွယ်ဝစေရန် အလေးထားရေးဖွဲ့ထားသည်။ ကျော်ဖြူစံ၏ မျက်နှာဖုံးဒီဇိုင်း၊ မင်းဦး (ဒဿန)၏ သရုပ်ဖော်ပုံများ၊ ဆရာမောင်ခင်မင် (ဓနုဖြူ)၏ အမှာစာတို့နှင့်အတူ ထက်ဝေယံစာပေမှ ၂၀၁၁ ဒီဇင်ဘာလ ပထမအကြိမ် ထုတ်ဝေခြင်းအဖြစ် ထွက်ရှိလာပြီး ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် ငွေကျပ် ၁၅၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

မျိုးသူရ၏ဖေ့စ်ဘုတ်အသုံးပြုနည်း စာအုပ်ထုတ်ဝေဖြန့်ချိ

မျိုးသူရ ရေးသားသည့် ဖေ့စ်ဘုတ်အသုံးပြုနည်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်သည် Internet အသုံးပြုနေသော ခေတ်ကြီးတွင် လူအများဆုံး အသုံးပြုနေသော Facebook-Social Website အကြောင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး Facebook အသုံးပြုသူတိုင်း အသုံးပြုနိုင်သည့် နည်းလမ်းများဖြစ်သော Account Register ပြုလုပ်နည်း၊ Friend List Tent Message၊ email massage နှင့် Facebook Chat များအကြောင်း အသေးစိတ်ဖော်ပြထားသည်။ ထို့အပြင် Profile အသုံးပြုသူတို့အတွက် Block ပြုလုပ်နည်း၊ လုံခြုံရေးနည်းလမ်းများကိုလည်း ထည့်သွင်းဖော်ပြထားပြီး အဆိုပါစာအုပ်ကို မျက်ပွင့်စာပေမှထုတ်ဝေထားကာ တန်ဖိုးမှာငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ဝိညာဉ်များနှင့်စကားပြောခြင်း စာအုပ်ထုတ်ဝေ

တိုးထက်၏ ဝိညာဉ်များနှင့် စကားပြောခြင်းစာအုပ်ကို ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ လူသည် သေသည်၏ အခြားမဲ့၌ မည်သို့ဖြစ်သွားသနည်းဟူသော ပြဿနာကိုလူတို့စိတ်ဝင်စားခဲ့ကြသည်။ သမိုင်းခေတ်အဆက်ဆက်မှလူသားတို့သည် တမလွန်ဘုံဘဝ၏ အသေးစိတ်အကြောင်းအရာနှင့် ပတ်သက်၍အမြင်ကွာခြားမှုရှိနိုင်သော်လည်း လူသည် ဤဘဝမှ သေဆုံးလွတ်မြောက်သည်ရှိသော် ဘဝသစ်တစ်ခုခုသို့ ရောက်ရှိသွားသည်ဟူသော အချက်ကိုကား တညီတညွတ်တည်းယုံကြည်လက်ခံလာခဲ့ကြသည်။ ထိုသို့ယုံကြည်လျက်ရှိသည်ကို သမိုင်းတစ်လျှောက်လုံးတွင် ခေတ်ကာလအသီးသီးမှ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအသီးသီးရှိကြသော လူ့အဖွဲ့အစည်းအသီးသီးတို့၏ စာပေများတွင် အထင်အရှားတွေ့ရှိရကြောင်း ဖော်ပြထားသည့် အဆိုပါ စာအုပ်ကို မူရင်းစာရေးဆရာ Martin Eborn က True Experiences in Communicating With the Dead ခေါင်းစဉ်ဖြင့် ရေးသားထားပြီး စာရေးသူက ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ရန်အောင်စာပေ ဖုန်း-၀၉-၅၁၇၉၃၉၈နှင့် ဖုန်း-၀၉-၇၃၂၄၃၈၅၁ မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရှိရသည်။

တိုးတက်နေသည့် ခေတ်မီဘဏ်လုပ်ငန်းများကို မျက်ခြည်မပြတ်လေ့လာဆည်းပူး

မိမိတို့အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချ

နေပြည်တော် ဇန်နဝါရီ ၁၃

ဘဏ်လုပ်ငန်းသည် ပြည်သူများ၏ အပ်နှံငွေများကို စုဆောင်းမှုနယ်ပယ်မှ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သို့ ရွှေ့ပြောင်းပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ်လိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေထုတ်ချေးခြင်းအားဖြင့် ရရှိလာသည့်ဝင်ငွေသည် မြန်မာ့စီးပွားရေးဘဏ်၏ အဓိက ဝင်ငွေရရာလမ်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတော်အတွင်း ငွေကြေး လည်ပတ်စီးဆင်းမှု (Cash Flow) ကောင်းမွန်စေပြီး စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

လိုက်နာဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန် ထိရောက်ထက်မြက်သည့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်စေရေးအတွက် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုကိုရှေးရှုပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဝန်ဆောင်မှုများပေး

မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပိုပြီး တိကျမှန်ကန် မြန်ဆန်လာစေရေးအတွက် ICT နည်းပညာများကိုလည်း တတ်အားသရွေ့ အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်ခွဲအချင်းချင်း Online ချိတ်ဆက်ပြီး ဘဏ်ခွဲများတွင် ငွေသွင်း/ငွေထုတ် ဆောင်ရွက်၍ရသည့် Quick Cash စနစ်ကို ဆောင်ရွက်လာနိုင်ခြင်း၊ တယ်လီဖုန်းအခွန်အခများကို Online မှ တစ်ဆင့် ပေးဆောင်နိုင်သည့် Online Phone Billing System ဆောင်ရွက်လာနိုင်ခြင်း စသည့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပေးနိုင်လာသည်ကို တွေ့ရှိရကြောင်း။

မှာကြား

သင်တန်းသားများအနေဖြင့် တိုးတက်နေသည့် ခေတ်မီဘဏ်လုပ်ငန်းများကို မျက်ခြည်မပြတ် လေ့လာဆည်းပူး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သင်တန်းကပို့ချပေးလိုက်သည့် ပညာရပ်များကို မိမိတို့ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်ရေး မိမိကိုယ်ကို အမြဲလေ့ကျင့်တည်ဆောက်သွားကြရန်လိုကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများသည် မိမိတို့တတ်မြောက်ထားသည့် ဘဏ်လုပ်ငန်းပညာရပ်ဖြင့် ကျရာကဏ္ဍမှ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ နမ့်ဆန်(မြောက်) ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဦးမျိုးမြင့်အောင်၊ ဒုတိယဆုရ ကျိုက်မရောဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်အေးသီနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးရုံးမှ ဒေါ်သူဇာခင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းက သင်တန်းဆင်း အောင်လက်မှတ်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ သင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ New Year IT & Mobile Fair 2012 ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

New Year IT & Mobile Fair 2012 ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်က ချမှတ်ထားသော ဈေးကွက်စီးပွားရေးစနစ်အား တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်စေရန်၊ မြန်မာနိုင်ငံ၏ Mobile နှင့် IT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာနှင့် ဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ Mobile နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာအသုံးချဆော့ဝဲလ်နည်းပညာများအား တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် New Year IT & Mobile Fair 2012 ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်က ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့်အတူ ပြပွဲကို လှည့်လည်ကြည့်ရှုသည်။

ဖွင့်လှစ်ပြသမည်

ပြပွဲကို ကုမ္ပဏီ ၅၃ ခုက ပြခန်း ၁၄၇ ခန်းဖြင့် ဇန်နဝါရီ ၁၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင်မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၃၂ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၀ လက်မနှင့် ပူတာအိုမြို့နှင့် ဇလွန်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)

၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

၈:၀၅ ၇။ သုတရောင်စုံပန်းခင်း

၈:၁၅ ၈။ ကဗျာပန်းဥယျာဉ်

၈:၃၀ ၉။ တေးဂီတအစီအစဉ်

၈:၄၀ ၁၀။ International News

၈:၄၅ ၁၁။ **၂၀၁၁ ကမ္ဘာ့ အားကစားပုံရိပ်များ** (အပိုင်း-၃)

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၃၅ ၅။ နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ

၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ဝွန်း** (အပိုင်း-၄၀)

၁၃:၄၀ ၇။ **တောင်သူဘဝ ဆတိုး အကျိုးခံစား စပ်မျိုးစပါး** (အပိုင်း-၁)

၁၄:၀၀ ၈။ **ကိုယ်ချင်းစာ**

၁၄:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၄:၄၀ ၁၀။ အတီးပြိုင်ပွဲ

၁၄:၅၀ ၁၁။ International News

၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၀ ၂။ အဆိုပြိုင်ပွဲ

၄:၁၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၄:၂၅ ၄။ တေးဂီတအစီအစဉ်

၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒအထူးပြုများ) (အရှေ့တိုင်းပညာ)

၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄:၅၅ ၇။ ဇီဝမျိုးစုံမျိုးကွဲများ

၅:၀၀ ၈။ **အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ** (အပိုင်း-၁) (ဂီတစာဆို အကယ်ဒမီဇီရာမိုရ်)

၅:၂၀ ၉။ လှပစုံလင်အာဆီယံတစ်ခွင်

၅:၃၀ ၁၀။ ချစ်စရာ့အရွယ် ကစားကြမယ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ

၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်

၆:၄၀ ၁၄။ တေးဂီတအစီအစဉ်

၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၅)

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၂)

၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်ကလေးရဲ့ ဒဏ္ဍာရီ** (အပိုင်း-၅)

၂၁။ ဂီတတံခါးလေးဖွင့်ပါဦး

ဇန်နဝါရီ ၅ ရက်က ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပညာရေးစုံညီပွဲတော် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ်ပညာရေး)

ပြည်သူ့ကိုယ်စားလှယ်များက အာဏာသုံးရပ်ကို အခြေခံဥပဒေနှင့်အညီ တာဝန်များခွဲဝေဆောင်ရွက်နေကြပြီ

ဒီမိုကရေစီနိုင်ငံတော်အဖြစ် တဖြည်းဖြည်း သက်ဝင်လှုပ်ရှားမှုများ ဖြစ်ပေါ်လာနေသည်ကို တွေ့ရှိရမည်ဖြစ်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ခန္တီးလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခန္တီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့က သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင်များ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို ပဏာမရှင်းလင်းတင်ပြပြီး မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးသီးနှံစုံ စိုက်ပျိုးရန် လျာထားချက်နှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ အဓိကသီးနှံ (၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ စက်မှုလယ်ယာကူးပြောင်းမှု၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှု၊ ခန္တီးခရိုင်၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် သောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒေသလိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ခန္တီးမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေမှုများ၊ ဒေသအတွင်း စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရော်ဘာ၊ လက်ဖက်ကဲ့သို့သော နှစ်ရှည်ပင်စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်ရန် စည်းရုံးဆောင်ရွက်နေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းနှင့် ဒေသခံမြို့မိမြို့ဖများ ဖြစ်ကြသော ဦးခင်မောင်ညွန့်နှင့် ဦးလှဖေတို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ခန္တီးဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်များတွင် ဥပဒေပြုရေးကိစ္စများနှင့် လွှတ်တော်လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြို့မိ မြို့ဖများ တင်ပြသည့် ပညာရေး၊ ကျန်းမာရေးနှင့် မီးသတ်ယာဉ်တစ်စီး ဖြည့်ဆည်းပေးရေး၊ ကျေးလက်ဒေသတစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ပတ်လမ်း အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ခန္တီးဒေသနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဖွံ့ဖြိုးမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည့် ပံ့ပိုးမှုများပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ ခန္တီးဒေသ၏ စီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာများကို လေ့လာကြည့်ပါက ဤဒေသတွင် စိုက်ပျိုးမြေလွတ်၊ မြေရိုင်းများစွာ ကျန်ရှိနေကြောင်း၊ ရာသီဥတုမှာလည်း မိုးရေချိန်လက်မ (၁၀၀)ရွာသွန်းသည့် စိုက်ပျိုးရေအလုံအလောက်ရရှိနေသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယင်းကြောင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် မြေနှင့် ရေသယံဇာတကို အကျိုးရှိရှိ အသုံးချသွားနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ရာတွင် ဒေသသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနည်းပါးသဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေနိုင်သည့် ဒေသနှင့် ကိုက်ညီသော ရော်ဘာ၊ လက်ဖက်၊ လိမ္မော်၊ ငရုတ်ကောင်း၊ ဂရိတ်ဖရုစသည့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးသွားရန်လိုပါကြောင်း၊ ဒေသခံလုပ်နိုင်ကိုင်နိုင်သူများ၊ ရင်းနှီးမြှုပ်နှံနိုင်သူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားရန် လိုပါကြောင်း။

ထို့ပြင် ယနေ့ နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်၍ မြန်မာနိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်ချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မိမိတို့ချမှတ်ထားသည့် လုပ်ငန်းစဉ်(၈)ရပ်မှာလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုသော လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသူများ၊ သက်ဆိုင်ရာ ကျေးလက်ဒေသနေ ပြည်သူများနှင့် လုပ်ငန်းစဉ်၌ ဆက်စပ်ကြသူအားလုံးက အောင်မြင်အောင် ဆောင်ရွက်စေမည်ဟူသော ရည်မှန်းချက် ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

ယနေ့ အချိန်အခါသည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ခက်မသုံးဖြာအာဏာသုံးရပ်ကို အခြေခံဥပဒေနှင့်အညီ တာဝန်များ ခွဲဝေဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တဖြည်းဖြည်း သက်ဝင်လှုပ်ရှားမှုများ ဖြစ်ပေါ်လာနေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

တိုးတက်ရေး၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအ…
ရေးအတွက် လိုအပ်သော ပြုပြင်မှုများ၊ ပံ့ပိုးထော…
အတွက် နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိအောင် …
သည့်နေရာများတွင်လည်း ဘဏ္ဍာငွေတိုးမြှင့်လျာ…
လျက်ရှိပါကြောင်း။

အားထုတ်ကြိုးပမ်း

ခန္တီးဒေသ၊ နာဂဒေသကဲ့သို့ နေထိုင်မှုခက်…
ဝန်ထမ်းများ ထိုဒေသများတွင် စေတနာထား၍ …
လာစေရေး၊ ဝန်ထမ်းများ၏ နေထိုင်မှုအဆင်…
ဘဏ္ဍာရေးနှစ်မှ စတင်၍ ဝေးလံခက်ခဲသော …
ထောက်ပံ့ငွေများပေးနိုင်ရေးအတွက်လည်း နိုင်ငံ…
ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် …
အကျိုးကို ရှေးရှု၍ ပိုမိုကြိုးစားဆောင်ရွက်ကြစေ…
နေသော ဒေသနေပြည်သူများအား ဦးစီးဦးဆော…
လုပ်နည်းများကို နားလည်စေရေး၊ ဒေသဖွံ့ဖြိုးတိုး…
ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

ပေးအပ် လှူဒါန်း

ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်း ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခန္တီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးအိမ်တို့ကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေစေရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ထာဝရတည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးရခါစကပင် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

အလားတူ တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်မှုလုပ်ငန်းများတွင် နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

အလေးထားဆောင်ရွက်

ထို့ပြင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုလုပ်ကိုင်နိုင်စေရန်အတွက် လိုအပ်သည့် ဥပဒေများ ပြင်ဆင်ခြင်း၊ အခွန်များလျှော့ပေါ့ပေးခြင်းလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးခြင်းများအပြင် အထူးစီးပွားရေးဇုန်များ ထူထောင်၍လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ နိုင်ငံတော်၏ လူမှုရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် နိုင်ငံတကာ အဆင့်တန်းတူ ဖြစ်ထွန်း

ဒုတိယသမ္မတ သီဟသူရ ဦးတင်အော… ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရ… ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သို့ဖြစ်၍ နိုင်ငံတော်ထာဝရ တည်ငြိမ်အေ…
ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ…
ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွ…
သည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်…
အုပ်ချုပ်ရေးဦးစီးဌာန၊ ခန္တီးမြို့နယ် အထွေထွေ…
ခန္တီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး…
Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစ…
ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် …
လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် …
လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်…

တွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်…
သမ္မတ ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် လုပ်ငန်း…
၏ ပညာရေး၊ ကျန်းမာရေးဖောင်ဒေးရှင်း ထူထော…
(၅၀၀)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှ…
ကျပ်သိန်း(၅၀၀)ကို ငွေပဒေသာပင်စိုက်ထူခဲ့ပြီး…
ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ ကူညီပံ့ပိုးမှုန…
ဆောင်ရွက်သွားရန် စီစဉ်ပေးခဲ့ကြောင်း သိရသ…

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မ မြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်ရေး၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရေးအတွက် လိုအပ်သော ပြုပြင်မှုများ၊ ပံ့ပိုးထောက်ပံ့မှုများ တိုးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သည့်နေရာများတွင်လည်း ဘဏ္ဍာငွေတိုးမြှင့်လျာထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အားထုတ်ကြိုးပမ်း

ခန္တီးဒေသ၊ နာဂဒေသကဲ့သို့ နေထိုင်မှုခက်ခဲဝေးလံသော ဒေသများရှိ ဝန်ထမ်းများ ထိုဒေသများတွင် စေတနာထား၍ ပိုမိုလုပ်ကိုင်လိုစိတ် ဖြစ်ပေါ်လာစေရေး၊ ဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေးအတွက် လာမည့် ဘဏ္ဍာရေးနှစ်မှ စတင်၍ ဝေးလံခက်ခဲသော ဒေသနေဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် ၎င်းဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှု၍ ပိုမိုကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသနေပြည်သူများအား ဦးစီးဦးဆောင်ပြု၍ ဥပဒေ/လုပ်ထုံးလုပ်နည်းများကို နားလည်စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို ပိုမိုအားထုတ်ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ နိုင်ငံတော်ထာဝရ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ခန္တီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခန္တီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခန္တီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ဒုတိယသမ္မတ ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် လုပ်ငန်းရှင်များစုပေါင်း၍ ခန္တီးဒေသ၏ ပညာရေး၊ ကျန်းမာရေးဖောင်ဒေးရှင်း ထူထောင်ရန်အတွက် ငွေကျပ်သိန်း (၅၀၀)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းထူထောင်ရန်အတွက် ငွေကျပ်သိန်း(၅၀၀)ကို ငွေပဒေသာပင်စိုက်ထူခဲ့ပြီး ဒေသခံ မြို့မိ မြို့ဖများ၏ ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ ကူညီပံ့ပိုးမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (ခန္တီး)ကျောင်းခန်းမဆောင်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)နှင့် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း(ခန္တီး) တို့မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် Incubator ကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ခွဲစိတ်ခန်း၊ သားဖွားဆောင်နှင့် တိုးချဲ့ဆောင်ဆောက်လုပ်နိုင်မည့် ဆေးရုံမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)သို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)နှင့် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း (ခန္တီး)တို့မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး ခန္တီးမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၃ ရက်က ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံတွင် Process and Product Show 2012 ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေ အမျိုးသားအားကစားပြိုင်ပွဲရုံ အမှတ်(၂)တွင် ပြသရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။
(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၄/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ကြည်း ၂၅၁၁၀ ဗိုလ်မှူးသိန်းဝင်း	(အစား)	ကြည်း ၂၅၂၃၅ ဗိုလ်မှူးဝင်းညွန့်

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကယားပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ စစ်တုရင်ပြိုင်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မူလတန်းကြိုကျောင်း၌လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ကယားပြည်နယ်နေ့ ကျင်းပရာ အားကစားကွင်း၌ လည်းကောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို ကန္တရဝတီဂေါက်ကလပ်၌လည်းကောင်း၊ ကရာတေးဒိုပြိုင်ပွဲကို မြို့တော်ခန်းမ၌ လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲကို ကန္တရဝတီ အားကစားကွင်း၌ လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်အားကစားခန်းမ (ဒေါ်ဥခူ) ၌လည်းကောင်း၊ ကာယဗလနှင့်ကာယအလှမယ်ပြိုင်ပွဲကို မြို့တော်ခန်းမ၌ လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို ပြည်နယ်အားကစားခန်းမ (ဒေါ်ဥခူ) ၌လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ လွန်ဆွဲ၊ နပန်း၊ စပါးထောင်းပြိုင်ပွဲများကို ပြည်နယ်နေ့ကျင်းပရာ အားကစားကွင်း၌လည်းကောင်း အသီးသီးကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးစပါးတစ်ဧကအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

စစ်တွေ ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဧရိယာ ၁ ဒသမ ၇၆ ဧကရှိ တောင်သူ ဦးမောင်မြစိန်၏ လက်မြေတွင်စိုက်ပျိုးထားသော မနော ထွန်းစပါးမျိုးကို ဒီဇင်ဘာ ၂၈ ရက်က စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၇၈ ဒသမ ၉၁တင်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းဝေ၊ စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစံသာနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ)

(မြို့နယ်မြေစာရင်း)

မင်းဘူးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

မင်းဘူး ဇန်နဝါရီ ၁၃

မင်းဘူးမြို့နယ်အသင်း၏ (၆၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ရာ မင်းဘူးမြို့နယ်သူမြို့နယ်သားများ၊အသင်းဝင်များနှင့်အသင်းမဝင်ရသေးသူများ စုံညီစွာတက်ရောက်ကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသားသမီးများစာရင်းကို ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ဖုန်း-၇၃၀၀၇၀၇၁၊ ဒေါ်ခင်စိန်ဝင်းဖုန်း-၅၆၀၆၁၁၊တက္ကသိုလ်စိန်တင် ဖုန်း- ၅၈၀၄၅၅ တို့ထံသို့ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၆၃) သစ်စက်တွင် ဇန်နဝါရီ ၁ ရက်က ပြည်တွင်း(ရောင်း/စက်)ပြည်ဒေသမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဥမ္မာကျော်၊ ဒေသမန်နေဂျာ ဦးတင်ဝင်း (၆)တို့မှ ဦးဆောင်၍ စက်ရုံမှူး ဦးဦးကျော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၁၁၁)

လူထုလမ်းလျှောက်ပွဲ လပွတ္တာမြို့၌ဆင်နွှဲ

လပွတ္တာ ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ဒီဇင်ဘာလူထုအားကစားလ ပဥ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီက လပွတ္တာမြို့သစ်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသားကျောင်းသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့မှစ၍ သပြေလမ်း၊ အင်ကြင်းလမ်း၊ လပွတ္တာ-မြောင်းမြ ကားလမ်း၊ ဘုရားတောင်လမ်းမှ လပွတ္တာခရိုင်အထွေထွေဦးစီးဌာနရုံးရှေ့သို့ ပြန်လည်ရောက်ရှိပြီးနောက် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြုလုပ်ကြသည်။

ဆုများချီးမြှင့်

ဒီဇင်ဘာလ ပထမပတ်မှ ပဥ္စမပတ်အထိ လမ်းလျှောက်ကြသူများအား ကံစမ်းမဲ လက်မှတ်များပေးဝေ၍ ကံစမ်းမဲများမှ စက်ဘီး၊ EVD အောက်စက်၊ ထမင်းပေါင်းအိုး၊ နာရီ၊ လျှပ်စစ်မီးပူများကို မဲဖောက်ပေးပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနား မိုင်းတုံမြို့နယ်၌ ကျင်းပ

မိုင်းတုံ ဇန်နဝါရီ ၁၃

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မိုင်းတုံမြို့နယ် မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	မြန်မာ့ရှုခင်း

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၂၀)
၁၂း၀၀	၇။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချိုးကူသံ** ရန်အောင်၊ ရဲအောင်၊ ဟိန်းဝေယံ၊ မေသဥ္စာဦးနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဟိန်းစိုး)
၁၄း၀၀	၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅၀)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၃	၃။	နိုင်ငံတော်သီချင်း
၄း၀၆	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၈။	သန့်စွာကိုင်လေ စက္ကူငွေ
၄း၄၀	၉။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၅	၁၀။	ကုန်သွယ်သုတ
၅း၀၀	၁၁။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၆။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၇။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာစေတမန်** (အပိုင်း-၆)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသ သတင်း
	၂၃။	လူရွှင်တော်စကား
	၂၄။	လျှပ်တစ်ပြက်
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၅)
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၁၂)

မီးဘေးရှောင် မလောင်ခင်တား

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၃

မာန်အောင်မြို့နယ် မင်းမြင်ကျေးရွာ၌ ဇွဲမာန်စာကြည့်တိုက်ဖွင့်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မင်းမြင်ကျေးရွာ၌ ဇွဲမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဇွဲမာန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးတင်ရီက စာကြည့်တိုက်ဖြစ်ပေါ်လာရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် စေတနာရှင်များက စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စမ်းရေကြည်စာကြည့်တိုက်သစ် မိုင်းယန်းမြို့နယ်၌ဖွင့်

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်သည့် ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ စမ်းရေကြည် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် မိုင်းလွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းနွံကျောက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောတို့က အမှာစကားပြောကြားကြသည်။

လက်ခံယူ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထိုက်ထွန်းက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးအိုက်ရှိုက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၈ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်ကကျင်းပရာ ကျောင်းတက်ရက်မှန်ဆုနှင့်ကျောင်းလုပ်ငန်းထူးချွန်ဆုရ အထက်တန်းပြဆရာမ ဒေါ်ကေသီဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမသဘောတူညီချက်(၅)ချက် လက်မှတ်ရေးထိုးပြီးဖြစ်

နှစ်ဖက်နားလည်မှုတည်ဆောက်နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတက ညွှန်ကြား

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ငြိမ်းချမ်းရေးကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကရင်ပြည်နယ်အစိုးရ၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ဇန်နဝါရီ ၁၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ပဏာမသဘောတူညီချက်(၅)ချက်အား သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ဤသို့ပဏာမအဆင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ နှစ်ဖက်နားလည်မှု တည်ဆောက်နေချိန်တွင် ဆက်စပ်လျက်ရှိသည့် မိမိတပ်စခန်းများနှင့် လှုပ်ရှားစစ်ကြောင်းအသီးသီးတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား နိုင်ငံတော်သမ္မတရုံးမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ယနေ့ရက်စွဲဖြင့် ပေးပို့ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့၏ ပဏာမသဘောတူညီ လက်မှတ်ရေးထိုးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးငွေမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ ပြည်နယ်ဥပဒေချုပ် ဦးသိန်းလွင်၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးသက်နောင်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) (ပြည်သူ့စစ်) ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) (စစ်ဆင်ရေး) ဒုတိယဗိုလ်မှူးကြီးသန်းအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) (စစ်ဆင်ရေး)ဒုတိယဗိုလ်မှူးကြီးညွန့်ဦးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ *စာမျက်နှာ ၅ ကော်လံ ၁* ◆

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက် (၁၁)ချက်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခြင်းခံရသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို အလေးထား

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး ဥပဒေဘောင်အတွင်းမှ ပါဝင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နေသည့် အခါသမယတွင်၊ တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းထောင်အသီးသီး၌ ကျခံနေသော အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကိုလည်းကောင်း၊ တိုင်းရင်းသားအကျိုးစီးပွားကိုလည်းကောင်း ထိပါးမည့်အန္တရာယ်မရှိနိုင်သည့် အကျဉ်းသားများကို နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် အလို့ငှာ ၎င်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြခဲ့ပါသည်။

၂။ ယင်းကဲ့သို့ မေတ္တာရပ်ခံတင်ပြခဲ့ပြီးနောက် နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် အကျဉ်းကျနေသူ ၆၃၅၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကို ၎င်းတို့ကျခံနေသော ပြစ်ဒဏ်အသီးသီးမှ လျှော့ပေါ့ကျခံစေခဲ့ပါသည်။ ယခုတစ်ဖန် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အကျဉ်းသား ၆၅၁ ဦးအား အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ခြင်းကို ကော်မရှင်က ကြိုဆိုပါသည်။ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို လေးစားဂုဏ်ယူမိပါသည်။

၃။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လွှတ်ပေးခဲ့သည့် အကျဉ်းသား ၆၅၁ ဦးအနက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့က လွှတ်ပေးရန် မျှော်လင့်တောင့်တသော အကျဉ်းသားများ ပါရှိကြောင်းသိရှိရသဖြင့် ကျေနပ်မိပါသည်။ ၎င်းတို့ကို လွှတ်ပေးခဲ့ခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့၏ မျှော်လင့်တောင့်တမှုလည်း ပြည့်မြောက်စေသည်ဟု ကော်မရှင်ကခံယူပါသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■